Government of Western Australia
Department of Health

Burmese

# ကလေးများ အတူလိုက်ပါသည့် ဆေးလိပ်ငွေ့ကင်းသော မော်တော်ယာဉ်

၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှစတင်သော ဆေးလိပ်သောက်ခြင်းဆိုင်ရာ ကန့်သတ်ချက် အသစ်များ

## မော်တော်ယာဉ်ပေါ်တွင် ကလေးငယ်လိုက်ပါလျှင် ဆေးလိပ်သောက်ခြင်းကို တားမြစ်သည်။

### ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ်အတွင်း အသက် ၁၇ နှစ်အရွယ် ကလေးလိုက်ပါလျှင် ထိုမော်တော်ယာဉ်အတွင်း သို့မဟုတ် မော်တော်ယာဉ်ပေါ်တွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်သည်။

အကယ်၍-

- မော်တော်ယာဉ်သည် လမ်းပေါ်တွင် မောင်းနှင်နေချိန်ဖြစ်လျှင်၊ ထို့အပြင်
- မော်တော်ယာဉ်အတွင်းသို့မဟုတ် မော်တော်ယာဉ်ပေါ်တွင် လိုက်ပါသူမှာ ကလေးဖြစ်နေလျှင် မော်တော်ယာဉ်ပေါ်တွင် ဆေးလိပ်မသောက်ရပါ။

**ကလေး**
ဆိုသည်မှာ အသက် ၁၇ နှစ်မပြည့်သေးသော မည်သည့် ယောက်ျားလေး သို့မဟုတ် မိန်းကလေးကိုမဆို ဆိုလိုသည်။

**မော်တော်ယာဉ်**
ဆိုသည်မှာ လမ်းများပေါ်တွင် ကုန်ပစ္စည်းများ သို့မဟုတ် လူများကို သယ်ယူပို့ဆောင်သော သို့မဟုတ် ပို့ဆောင်နိုင်သောအရာကို ဆိုလိုသည်။

**လမ်း**
ဆိုသည်မှာ အများပြည်သူအသုံးပြုရန် ခွင့်ပြုထားသော သို့မဟုတ် အသုံးပြုနေသော အမြန်လမ်းမကြီး၊ လမ်းသို့မဟုတ် လမ်းသွယ်တို့အပြင် ယာဉ်သွားလမ်းကြော၊ လူလျှောက်လမ်း၊ လမ်းတလျှောက် လမ်းမအလယ်ကျွန်းနှင့် အများပြည်သူယာဉ်ရပ်နားရာ နေရာအားလုံးပါဝင်သည်။

### တားမြစ်ချက်လိုက်နာရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း

- ဩစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် ရဲအရာရှိများသည် အရွယ်မရောက်သေးသူ အတူလိုက်ပါသော ကားများပေါ်တွင် ဆေးလိပ်သောက်ခြင်းနှင့်ပတ်သက်ပြီး ကျန်းမာရေးဌာနနှင့်ပူးပေါင်းကာ ထိုဥပဒေကို လိုက်နာရေးအတွက် ကြပ်မတ်ဆောင်ရွက်သွားနိုင်မည် ဖြစ်သည်။
- ရဲအရာရှိများသည် ကားများကိုရပ်တန့်ပြီး ထိုဥပဒေကိုချိုးဖောက်ခဲ့နိုင်သောသူများ၏ သက်ဆိုင်ရာအချက်အလက်များကို မှတ်တမ်းတင်နိုင်သည်။ ၎င်းမှတဆင့် သူတို့က ထိုအချက်အလက်များကို ဆေးရွက်ကြီးနှင့်ဆေးလိပ်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးဌာနသို့ သတိပေးခြင်း၊ ဥပဒေကို ချိုးဖောက်ခဲ့ကြောင်း နို့တစ်စာပေးခြင်း၊ သို့မဟုတ် တရားစွဲဆိုခြင်းကဲ့သို့သော နောက်ဆက်တွဲဆောင်ရွက်မှုများအတွက် ဆက်လက်ပေးပို့မည်။

အရေးကြီးသောအချက်မှာ ဤတားမြစ်ချက်ဥပဒေအသစ်ကို အများပြည်သူ၏ထောက်ခံချက် မြင့်မားစွာရခဲ့ကြောင်းဖေါ်ပြလိုပါသည်၊ ထို့အပြင် ပြီးခဲ့သော အတွေ့အကြုံများအရ ဩစတြေးလျားနိုင်ငံ အနောက်ပြည်နယ်မှ ပြည်သူအများစုအနေနှင့် လိုက်နာဆောင်ရွက်ကြလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

### ပြစ်ဒဏ်များ

အကယ်၍ အသက် ၁၇ နှစ်အောက် ကလေးလိုက်ပါသော မော်တော်ယာဉ်အတွင်း သို့မဟုတ် မော်တော်ယာဉ်ပေါ်တွင် ဆေးလိပ်သောက်သော ပြစ်မှုကို ကျူးလွန်ကြောင်းတွေ့ရပါက တာဝန်ရှိသူကို အောက်ဖေါ်ပြပါအတိုင်း ပြစ်ဒဏ်များချမှတ်မည်ဖြစ်သည်။

| | |
|---|---|
| ■ တရားရုံးမှချမှတ်မည့် အမြင့်ဆုံးပြစ်ဒဏ် | ဒေါ်လာ ၁၀၀၀ |
| ■ တရားဥပဒေချိုးဖေါက်မှု နို့တစ်စာ | ဒေါ်လာ ၂၀၀ |

ပိုမိုသိလိုပါက ဆေးရွက်ကြီးနှင့်ဆေးလိပ်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးဌာနကိုဆက်သွယ်ပါ။


တယ်လီဖုန်း - ၁၃၀၀ ၇၈၄ ၈၉၂

အီးမေးလ် - tcb@health.wa.gov.au ကို ဆက်သွယ်ပါ။


**Disclaimer:**
The information contained in this factsheet has been produced as a guide only.
To view the full details in the relevant Tobacco Control legislation, visit www.health.wa.gov.au/tobaccocontrol


HP 11901 OCT'10